ပြည်ထောင်စုဝန်ကြီး ဦးသိန်းထွန်းအား အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် ဆွေးနွေးဖက်နိုင်ငံများမှ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ လာရောက်တွေ့ဆုံ

နေပြည်တော် ဒီဇင်ဘာ ၁၂

ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထွန်းအား (၁၁)ကြိမ်မြောက် အာဆီယံဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဆိုင်ရာ ဝန်ကြီးများအဆင့် အစည်းအဝေးသို့ တက်ရောက်လာသည့် အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် ဆွေးနွေးဖက်နိုင်ငံများမှ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများသည် ဒီဇင်ဘာ ၈ ရက်တွင် နေပြည်တော်ရှိ အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန ဧည့်ခန်းမဆောင်၌ လာရောက်တွေ့ဆုံကြသည်။

ဆွေးနွေးခဲ့

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးအား ကမ္ဘာ့ဒီးယားနိုင်ငံ စာတိုက်နှင့် ဆက်သွယ်ရေးဝန်ကြီး H.E. Mr. So Khun နှင့်အဖွဲ့သည် မွန်းလွဲ ၁ နာရီတွင် လာရောက်တွေ့ဆုံ၍ Fibre Optic Cable သွယ်တန်းရေး ကိစ္စရပ်များ၊ နှစ်နိုင်ငံ ဆက်သွယ်မှု ရင်းနှီးမြှုပ်နှံရေးဆိုင်ရာကိစ္စများ၊ နှစ်နိုင်ငံ တိုက်ရိုက် ဆက်သွယ်ရေးဆိုင်ရာကိစ္စများနှင့် ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။

ထို့အတူ အင်ဒိုနီးရှားသမ္မတနိုင်ငံ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်ဝန်ကြီးဌာန ဒုတိယဝန်ကြီး H. E. Dr. Basuki Yusuf Iskandar နှင့် အဖွဲ့သည် မွန်းလွဲ ၁ နာရီခွဲတွင် လာရောက်တွေ့ဆုံ၍ မိုဘိုင်း ဆက်သွယ်ရေးဆိုင်ရာ ကိစ္စရပ်များ၊ ဆက်သွယ်ရေးပညာဆိုင်ရာ ကိစ္စရပ်နှင့် အိုင်တီကဏ္ဍပူးပေါင်းဆောင်ရွက်ရေးကိစ္စများနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။

လာရောက်တွေ့ဆုံ

အလားတူ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ထုတ်ကုန်နှင့် သတင်းနည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး H. E. Mr. Shang Bing သည် ညနေ ၅ နာရီတွင် လာရောက်တွေ့ဆုံ၍ မိုဘိုင်းဆက်သွယ်မှုဆိုင်ရာကိစ္စရပ်များ၊ အပြန်အလှန် ဆက်သွယ်အသုံးပြုခွင့် (Roaming) နှင့် ရွှေလီ-လားရှိုး-မန္တလေး-နေပြည်တော်-ရန်ကုန်-ချောင်းသာ လမ်းတစ်လျှောက်တွင် Fibre Optic Cable သွယ်တန်းရေးကိစ္စရပ်များ၊ ထိုမှတစ်ဆင့် SE-ME-WE-5 နှင့် ချိတ်ဆက်နိုင်ရေးကိစ္စရပ်များနှင့် ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။

ထို့အတူ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သတင်းနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနဝန်ကြီး H.E. Mr. Nguyen Thanh Hung နှင့်အဖွဲ့သည် ညနေ ၅ နာရီခွဲတွင် လာရောက်တွေ့ဆုံ၍ မိုဘိုင်းတယ်လီဖုန်း ဆက်သွယ်မှုကိစ္စရပ်များနှင့် မြန်နှုန်းမြင့် အင်တာနက်ကိစ္စရပ်များနှင့် ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။

ထို့နောက် ကိုရီးယားဆက်သွယ်ရေးကော်မရှင်နှာ H. E. Mr. Yong Sup Shin နှင့် အဖွဲ့သည် ညနေ ၆ နာရီတွင် လာရောက်တွေ့ဆုံ၍ e-government စနစ် တိုးမြှင့်ရေးကိစ္စရပ်များ၊ မိုဘိုင်း ဆက်သွယ်မှုတိုးချဲ့မြင့်မား စီမံကိန်းတွင် လိုအပ်သည့် အကြံဉာဏ်များပေးနိုင်ရေး ကိစ္စရပ်များ၊ ကိုရီးယား-မြန်မာ ICT Master Plan အကောင်အထည်ဖော်ရေးကိစ္စရပ်များနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။

တက်ရောက်

ယင်းသို့ လာရောက်တွေ့ဆုံကြရာတွင် ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင့်လွင်နှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

လာရောက်တွေ့ဆုံ

ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထွန်းအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ ထုတ်ကုန်နှင့်သတင်းနည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး H. E. Mr. Shang Bing လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

(၃ဂ)ကြိမ်မြောက် ဝန်ကြီးဌာနပေါင်းစုံ စစ်တုရင်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၁၂

မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ်က ကြီးမှူးကျင်းပသော ၂၀၁၁ခုနှစ် (၃ဂ)ကြိမ်မြောက် ဝန်ကြီးဌာနပေါင်းစုံ စစ်တုရင်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့၊ အောင်ဆန်းအားကစားပြိုင်ဝင်းရှိ မိုးလုံလေလုံအားကစားပြိုင်ပွဲခန်းရှိ ကျင်းပသည်။

အစီအစဉ်အရ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနမှ ဦးချော့ဇြိမ်းက တတိယတန်း တစ်ဦးချင်း ကစားခုံဆုရရှိသူများနှင့် တတိယတန်း အသင်းလိုက်ပြိုင်ပွဲတွင် ပထမဆုရ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန (ခ)အသင်း၊ ဒုတိယဆုရ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန (က)အသင်း၊ တတိယဆုရ လယ်/ဆည်အသင်းတို့အားလည်းကောင်း၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ဦးထွန်းဇော်က ဒုတိယတန်း တစ်ဦးချင်း ကစားခုံဆုရရှိသူများနှင့် ဒုတိယတန်းအသင်းလိုက်ပြိုင်ပွဲတွင် ပထမဆုရ လယ်/ဆည်အသင်း၊ ဒုတိယဆုရ ဆုတ်ပန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန (ခ)အသင်းနှင့် ဒုတိယတန်း အသင်းလိုက်ပြိုင်ပွဲတွင် တံခွန်စိုက်ဒိုင်းဆုရရှိသော လယ်/ဆည်တတိယဆုရ ပို့ဆောင်ရေးဝန်ကြီးဌာန အသင်းတို့အားလည်းကောင်း၊ အားကစားနှင့် ကာယပညာဦးစီးဌာနမှ ဦးဝင်းမောင်တင်က ပထမတန်း တစ်ဦးချင်း ကစားခုံဆုရရှိသူများနှင့် ပထမတန်းအသင်းလိုက်ပြိုင်ပွဲတွင် ပထမဆုရ ပြည်ထဲရေးဝန်ကြီးဌာနအသင်း၊ ဒုတိယဆုရ လယ်/ဆည်အသင်း၊ တတိယဆုရ ပို့ဆောင်ရေးဝန်ကြီးဌာနအသင်းတို့အား လည်းကောင်း ဆုများချီးမြှင့်သည်။

ဆက်လက်၍ မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးခင်မောင်ဦးက အမြန်နှုန်းကစားခုံဆုရရှိသူများနှင့် အမြန်နှုန်း၊ အသင်းလိုက်ပြိုင်ပွဲတွင် ပထမဆုရ ပို့ဆောင်ရေးဝန်ကြီးဌာန၊ ဒုတိယဆုရ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန (ခ)အသင်း၊ ဒုတိယဆုရ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန (ဂ)အသင်း၊ တတိယဆုရ လယ်/ဆည်အသင်းတို့အားလည်းကောင်း၊ မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးဝင်းအောင်က တတိယတန်း အသင်းလိုက်ပြိုင်ပွဲတွင် တံခွန်စိုက်ဒိုင်းဆုရရှိသော ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန (ခ)အသင်းနှင့် ဒုတိယတန်း အသင်းလိုက်ပြိုင်ပွဲတွင် တံခွန်စိုက်ဒိုင်းဆုရရှိသော လယ်/ဆည်

ဂုဏ်ပြုချီးမြှင့်

မြန်မာနိုင်ငံ အမျိုးသားအားကစားကော်မတီ ဥက္ကဋ္ဌ အားကစားပန်းကြီးဌာန ပြည်ထောင်စုပန်ကြီး ဦးတင့်ဆန်း ၂၀၁၁ ခုနှစ် (၂၆)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် အမျိုးသမီး Compound တစ်ဦးချင်းပြိုင်ပွဲ ရွှေတံဆိပ်ဆုရ ဆောင်င်ဝိမ်းအား ဂုဏ်ပြုချီးမြှင့်ငွေပေးအပ်စဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံများပစ်အဖွဲ့ချုပ်က (၂၆)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများအား ဂုဏ်ပြုချီးမြှင့်

နေပြည်တော် ဒီဇင်ဘာ ၁၂

၂၀၁၁ ခုနှစ် (၂၆)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် အောင်နိုင်ဆုရရှိခဲ့ကြသော နိုင်ငံ့ဂုဏ်ဆောင် မြန်မာ့လက်ရွေးစင် များပစ်အားကစားအဖွဲ့အား ဂုဏ်ပြုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့နေ့ဆည် ၇ နာရီတွင် နေပြည်တော်အားကစားဝန်ကြီးဌာနရှိ စုပေါင်းခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသားအားကစားကော်မတီ ဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း တက်ရောက်၍ ဂုဏ်ပြုအမှာစကားပြောကြားသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေက မြန်မာ့လက်ရွေးစင် မြားပစ်အသင်းအောင်နိုင်မှုများ ရရှိရေးအတွက် ကြိတင်ပြင်ဆင် ဆောင်ရွက်လျက်ရှိသည့် ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ်သို့ အလျှောင့်များ ပေးအပ်လျှက်ဒါန်းရာ အာရှမြားပစ်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌနှင့် မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေက အလျှောင့်ကျော်သိန်း ၁၅၀၊ နေပြည်တော် F.C ကလပ်အသင်း ဥက္ကဋ္ဌနှင့် မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးမြိုးကိုကိုတင့်ဆန်း၏ ကိုယ်စားလှယ်တစ်ဦးက အလျှောင့်ကျော် ၃၅၀ ဒေါ်လာ ၅၀၀ ရှိ ပြည်ပမှ ပြန်ပို့ပေးခဲ့ကြပြီး ပြည်ထောင်စုဝန်ကြီးဦးတင့်ဆန်းက လက်ခံသည်။

ပေးအပ်ချီးမြှင့်

ဆက်လက်၍ ဂုဏ်ပြုဆုချီးမြှင့်ခြင်း အခမ်းအနားကိုကျင်းပရာ ပြည်ထောင်စုဝန်ကြီးက အောင်ပွဲမြန်မာမြားပစ်အဖွဲ့မှ အုပ်ချုပ်သူနှင့် နည်းပြများအား ချီးမြှင့်ငွေကျပ် ၆၅ သိန်းနှင့် အမျိုးသမီး Compound တစ်ဦးချင်းပြိုင်ပွဲ ရွှေတံဆိပ်ဆုရ မအောင်ငင်မိုးအား ချီးမြှင့်ငွေကျပ်သိန်း ၁၃၀၊ ပြည်သူ့လွှတ်တော် အားကစား၊ ယဉ်ကျေးမှုနှင့် ပြည်သူ့ဆက်ဆံရေးဖွဲ့ဗျူး ထိုးတက်မူကော်မတီဥက္ကဋ္ဌ သုရဠီးအေမြင့်က Compound Mix Team ပြိုင်ပွဲ ရွှေတံဆိပ်ဆုရ မဲမင်းဆွေနှင့် အောင်ငင်မိုး အတွဲအား ချီးမြှင့်ငွေကျပ်သိန်း ၁၃၀ နှင့် Compound အမျိုးသမီး အသင်းလိုက်ပြိုင်ပွဲ ရွှေတံဆိပ်ဆုရ အောင်ငင်မိုး၊ လှလှစုစု၊ ယောစိမ်းယအတွဲအား ချီးမြှင့်ငွေကျပ်သိန်း၁၃၀ အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေက အမျိုးသမီး Recurve တစ်ဦးချင်းပြိုင်ပွဲ ရွှေတံဆိပ်ဆုရ သင်းသင်းခိုင်အား ချီးမြှင့်ငွေကျပ် ၂၅ သိန်း၊ အမျိုးသမီး Recurve အသင်းလိုက်ပြိုင်ပွဲ ကြေးတံဆိပ်ဆုရ သင်းသင်းခိုင်၊ စန်းယုထွေး၊ သခင်အောင်အတွဲအား ချီးမြှင့်ငွေကျပ် ၂၅ သိန်း၊ အမျိုးသားအသင်းလိုက် Recurve ပြိုင်ပွဲ ကြေးတံဆိပ်ဆုရ နေမျိုးအောင်၊ ရော်ဝင်းထိုက်၊ အောင်မျိုးသူ အတွဲနှင့် အမျိုးသား Compound အသင်းလိုက်ပြိုင်ပွဲ ကြေးတံဆိပ်ဆုရ ရဲမင်းဆွေ၊ အောင်မြိုမ့်ဘော်၊ မြတ်ဇော်ထူးတို့အတွဲအား ချီးမြှင့်ငွေကျပ် ၂၅ သိန်း စီတို့ကို ပေးအပ်ချီးမြှင့်ကြသည်။

ရှုပ်သိမ်း

ထို့နောက် ရွှေတံဆိပ်သုံးခုရ နိုင်ငံ့ဂုဏ်ဆောင် မြားပစ်အားကစားမယ် မအောင်ငင်မိုးက မြားပစ်အားကစားအဖွဲ့ ကိုယ်စား ကျေးဇူးတင်စကား ပြန်လည် ပြောကြားကာ အခမ်းအနားကို ရှုပ်သိမ်း လိုက်သည်။

မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ်အနေဖြင့် နိုင်ငံ့ဂုဏ်ဆောင် မြားပစ်အားကစား အဖွဲ့အား ယမန်နေ့ ဂုဏ်ပြုချီးမြှင့်ငွေ စုစုပေါင်းမှာ ငွေကျပ် ၅၅၅ သိန်းဖြစ်ပြီး အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့တော်တွင် ချီးမြှင့်ခဲ့သော ငွေမှာ အမေရိကန်ဒေါ်လာ ၅၀၀၀ ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မိုးစပါးခ်ကွက် အိမ်မဲ့ဌ ရိတ်သိမ်း

အိမ်မဲ့ ဒီဇင်ဘာ ၁၂

ရောဝတီတိုင်းဒေသကြီး အိမ်မဲ့ မြို့နယ် ပါရမီဒေါင့်ကျေးရွာအတွင်း အမှတ် (၃၄) ဦးပိုင်အမှတ် (၃၈) အတွင်း International Sun Moon Star Agriculture Co.,Ltd. မှ စိုက်ပျိုးထားသော ဆင်းသုခစပါးမျိုး မိုးစပါးစိက္ခက် ကို နွေဝင်ဘာ ၂၅ ရက်က ရိတ်သိမ်းရာ တစ်ကေယာမ်းမျှအထွက်နှုန်း ၇၂ ဒသမ ၂ တင်းနှုန်းထွက်ရှိခဲ့ကြောင်းနှင့် မြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူး ဦးရာဇာဝင်း၊ မြို့နယ်ခြေစာရင်းဦးစီးဌာနမှူး ဦးခင်မောင်ဝင်းနှင့်တောင်သူများ တက်ရောက်လေ့လာခဲ့ကြကြောင်း သိရှိရသည်။

(မြို့နယ် မြန်/ဆက်)

ကျောက်တန်းမြို့နယ် မူးယစ်ဆေးဝါးနှင့် အိမ်သုံးဆေးများ အလွဲသုံးမှုဆိုးကျိုးများ အသိပညာပေး ဟောပြောပွဲကို အမှတ် (၁)အခြေခံပညာအထက်တန်းကျောင်း မော်ဝန်းရတနာ ခန်းမ၌ ကျင်းပရာ ဒုတိယရဲဗျူးမြင့်သိန်း ဟောပြောစဉ်။ (မြို့နယ် မြန်/ဆက်)